# မွန်ပြည်နယ်လွှတ်တော်

# မွန်ပြည်နယ်ယစ်မျိုးခွန်ဥပဒေ

(၂၀၁၂ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၈။)

# မွန်ပြည်နယ်ယစ်မျိုးခွန်ဥပဒေ

## (၂၀၁၂ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၈ ။)

## ၁၃၇၄ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်

## (၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်)

## နိဒါန်း

မွန်ပြည်နယ်လွှတ်တော်သည် ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် မွန်ပြည်နယ်အတွင်း ယစ်မျိုးခွန်များစနစ်တကျကောက်ခံ နိုင်ရေးအတွက် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို မွန်ပြည်နယ်ယစ်မျိုးခွန်ဥပဒေဟု ခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေသည် မွန်ပြည်နယ်တစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်နယ်** ဆိုသည်မှာ မွန်ပြည်နယ်ကို ဆိုသည်၊

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ မွန်ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်၊

(ဂ) **ဝန်ကြီး** ဆိုသည်မှာ မွန်ပြည်နယ်အစိုးရအဖွဲ့က တာဝန်ပေးသော ဝန်ကြီးကို ဆိုသည်၊

(ဃ) **ပြည်နယ်အုပ်ချုပ်ရေးမှူး** ဆိုသည်မှာ မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဌာနအကြီးအမှူးကို ဆိုသည်၊

(င) ခရိုင်အုပ်ချုပ်ရေးမှူးဆိုသည်မှာ မွန်ပြည်နယ်အတွင်းရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများ၏ အကြီးအမှူးကို ဆိုလိုသည် ၊

(စ) မြို့နယ်အုပ်ချုပ်ရေးမှူးဆိုသည်မှာ မွန်ပြည်နယ်အတွင်းရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများ၏ အကြီးအမှူးကို ဆိုလိုသည် ၊

(ဆ) **ယစ်မျိုးခွန်** ဆိုသည်မှာ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေအရ သတ်မှတ်ထားသောအခွန်များကို ဆိုသည်၊

(ဇ) **အရက်** (Alcoholic Liquor) ဆိုသည်မှာ မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေတွင် သတ်မှတ်ထားသည့် အရာဝတ္ထုများအပါအဝင် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်၍ အရက်ဟု သတ်မှတ်ထားသော အရာဝတ္ထုများကို ဆိုသည်၊

(ဈ) **ဘီယာ** (Ale.Stout.Porter) ဆိုသည်မှာ မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေတွင် သတ်မှတ်ထားသည့် အရာဝတ္ထုများအပါအဝင် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဘီယာဟု သတ်မှတ်ထားသော အရာဝတ္ထုများကို ဆိုသည်၊

(ည) **ပြည်တွင်းဖိုထွက်ချက်အရက်** (Country Spirit) ဆိုသည်မှာ ပေါင်းဖိုနှင့်ခံယူ၍ ရရှိသည့် အရက်ပြန်ပါဝင်သော မည်သည့်ချက်အရက်တစ်စုံတစ်ရာကိုမဆို ဆိုသည်၊

(ဋ) **ထန်းရည်** (Tari) ဆိုသည်မှာ ကဇော်ဖောက်သည်ဖြစ်စေ၊ မဖောက်သည်ဖြစ်စေ ထန်း ၊ဓနိ ၊ အုန်း ၊ ပေ စသည့် အပင်တစ်မျိုးမျိုးမှ ထွက်သော အရည်ကို ဆိုသည်၊

(ဌ) **တည်အရက်** (Fermented Liquor) ဆိုသည်မှာ ချက်အရက်မှတစ်ပါး အရက်ပြန်ပါဝင်သည့် အရက်ကိုဆိုသည်။ ယင်းစကားရပ်တွင် လျှော်စာရည်၊ ခေါင်ရည်တို့ပါဝင်သည်၊

(ဍ) **သောက်ပျော်သောအရက်** ( Potable Alcoholic Liquor) ဆိုသည်မှာ ပြုပြင်ပြီး မူလသတ္တိပျက်အရက်မှတစ်ပါး အရက်ပြန်ပါဝင်သည့် အရက်တစ်မျိုးမျိုးကို ဆိုသည်၊

(ဎ) **ချက်လုပ်ခြင်း**ဆိုသည့်စကားရပ်တွင် အောက်ပါတို့ပါဝင်သည် -

(၁) သဘာဝအားဖြင့်ဖြစ်စေ၊ ပြုပြင်၍ဖြစ်စေ၊ ယစ်မျိုးသက်ဝင် ပစ္စည်းတစ်စုံတစ်ရာကို ထွက်ရှိစေရန် သို့မဟုတ် ရရှိစေရန် ပြုလုပ်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ထန်းပင်မှအရည်ခံခြင်း၊ ထုတ်ယူခြင်းတို့ပါဝင်သည်၊

(၂) ပြန်၍ ပေါင်းခံခြင်း (Redistillation) ၊

(၃) အရက်ပြန်ပါဝင်သည့် အရက်ကိုပြုပြင်ခြင်း၊ အနံ့အရသာထည့်ခြင်း၊ ရောနှောခြင်း၊ အရောင်ဆိုးခြင်း၊

(ဏ) ယစ်မျိုးသက်ဝင်ပစ္စည်း (Excisable Article) ဆိုသည်မှာ ယစ်မျိုးကုန်ပစ္စည်း (Excisable Article)အပါအဝင် ဤဥပဒေအရ ဖွင့်ဆိုထားသည့် အရက်များ (Alcoholic Liquor) သို့မဟုတ် မူးယစ်စေတတ်သောဆေးဝါးများကိုခေါ်သည် ။

(တ) **လက်လီ သို့မဟုတ် လက်ကားရောင်းချမှု** (Retail and Whole Sale) ဆိုသည်မှာ ဤဥပဒေနှင့် ဤဥပဒေအရ ပြုလုပ်သည့်နည်းဥပဒေအရ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာများနှင့်အညီ အချင်အတွယ်အတိုင်း ရောင်းချခြင်းကို ဆိုသည်၊

(ထ) **လိုင်စင်**ဆိုသည်မှာ ဤဥပဒေအရထုတ်လုပ်ခြင်း၊ ချက်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်းတို့အတွက် ခွင့်ပြုသည့် ခွင့်ပြုမိန့်ကိုဆိုသည်။ လိုင်စင်သက်တမ်းကို ဘဏ္ဍာရေးနှစ်အလိုက် သတ်မှတ်သည်။

## အခန်း(၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အရက်သေစာ သောက်စားသည့် အလေ့အထပြန့်ပွားမှုမရှိစေရန် ၊

(ခ) အရက်သေစာ ဖြန့်ဖြူးရောင်းချရာတွင် တရားမဝင်ထုတ်လုပ်မှု ၊ ရောင်းချမှုမရှိစေရန်၊

(ဂ) ပြည်နယ်၏ ရသင့်ရထိုက်သော အခွန်အခများကို ဥပဒေနှင့်အညီ ရရှိစေရန် ၊

## အခန်း(၃)
## ယစ်မျိုးခွန်နှုန်းထားများ သတ်မှတ်ခြင်း

၄။ ပြည်နယ်၏ ယစ်မျိုးခွန်ကို အောက်ပါအတိုင်း ကောက်ခံရန် သတ်မှတ်သည်-

**ပြင်ဆင်သတ်မှတ်သည့် ယစ်မျိုးခွန်နှုန်းထားများ**

| **လိုင်စင်အမှတ်** | **လိုင်စင်အကြောင်းအရာဖော်ပြချက်** | **ကောက်ခံမည့်နှုန်းထား** |
|---|---|---|
| D1 | အရက်ချက်စက်ရုံပိုင်ဆိုင်ခွင့်နှင့် ချက်လုပ်ခွင့်လိုင်စင် | |
| | ထုတ်လုပ်မှုဂါလံ(၁)နေ့ | |
| | ၅၀ - ၅၀၀ | ၁၇၀၀၀၀၀ |
| | ၅၀၀ - ၁၀၀၀ | ၃၀၀၀၀၀၀ |
| | ၁၀၀၀ အထက် | ၅၀၀၀၀၀၀ |
| D2 | အရက်ချက်စက်ရုံပိုင်ဆိုင်ခွင့်သာရှိပြီး ချက်လုပ်ခွင့်မရှိသည့်လိုင်စင် | ၂၀၀၀၀၀ |
| W 1 | ဝိုင်အရက်များထုတ်လုပ်ခွင့်လိုင်စင် | ၂၀၀၀၀ |

| | | |
|---|---|---|
| FL 4 | ပြည်ပမှတင်သွင်းလာသောနိုင်ငံခြားအရက်ပြင်း (Foreign - Spirit)ကိုပေါင်းစပ်ခွင့်၊ ရောနှောခွင့်၊ အနံ့ထည့်ခွင့်နှင့် အရောင်ဆိုးခွင့်လိုင်စင် | ၃၀၀၀၀၀ |
| FL 5 | နိုင်ငံခြားအရက်ပြင်း (Foreign - Spirit)ကို ပုလင်းသွတ်ခွင့် လိုင်စင် | ၃၀၀၀၀၀ |
| FL 6 | ပြည်တွင်းရှိ အရက်ချက်စက်ရုံမှထုတ်လုပ်သော နိုင်ငံခြားအရက်ပြင်း(Foreign - Spirit)ကို လက်ကား ရောင်းချခွင့်လိုင်စင် | ၁၆၀၀၀၀၀ |
| B 1 | ဗျစ်ရည်စက်ရုံပိုင်ဆိုင်ခွင့်နှင့်ချက်လုပ်ခွင့်လိုင်စင် ထုတ်လုပ်မှုဂါလံ(၁)နေ့ | |
| | ၅၀ - ၅၀၀ | ၁၀၀၀၀၀၀ |
| | ၅၀၀ - ၁၀၀၀ | ၁၅၀၀၀၀၀ |
| | ၁၀၀၀ အထက် | ၂၅၀၀၀၀၀ |
| B 2 | ဗျစ်ရည်စက်ရုံပိုင်ဆိုင်ခွင့်သာရှိပြီး ချက်လုပ်ခွင့်မရှိသည့် လိုင်စင် | ၃၀၀၀၀၀ |
| FL 8 | မြန်မာပြည်တွင်းရှိ ဗျစ်ရည်စက်ရုံမှထုတ်လုပ်သော ဗျစ်ရည်များကို လက်ကားရောင်းချခွင့်လိုင်စင် | ၂၀၀၀၀၀၀ |
| FL 9 | မြန်မာပြည်တွင်းရှိ ဗျစ်ရည်စက်ရုံမှထုတ်လုပ်သော ဗျစ်ရည်များကို ဆိုင်ဖွင့်၍ ဉပစာအတွင်း သောက်သုံးရန် သို့မဟုတ် ဉပစာပြင်ပသို့ ယူဆောင်ရန်လက်လီ ရောင်းချခွင့်လိုင်စင် | ၈၀၀၀၀၀ |
| FL 11 | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) အရက်ကို လက်ကားရောင်းချခွင့်လိုင်စင် | ၁၀၀၀၀၀၀ |
| FL 12 | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) အရက်ကို ကုန်စုံဆိုင်တွင် လက်လီလက်ကားရောင်းချခွင့်ရှိပြီး ဆိုင်ဉပစာအတွင်း သောက်သုံးခွင့်မရှိသည့် လိုင်စင် | ၅၀၀၀၀၀ |

| | | |
|---|---|---|
| FL 15 | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) အရက်ကို ဥပစာအတွင်း တည်းခိုသူများနှင့် ခရီးသွားသူများ သောက်သုံးရန် ဟိုတယ်ပိုင်ရှင် သို့မဟုတ် ဟိုတယ်မန်နေဂျာက ဆိုင်ဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် | ၁၅၀၀၀၀၀ |
| FL 16 | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) အရက်ကို ကလပ်ဥပစာအတွင်း သောက်သုံးရန် ကလပ်ပိုင်ရှင်က ဆိုင်ဖွင့်၍ လက်လီရောင်းချခွင့် လိုင်စင် | ၈၀၀၀၀၀ |
| FL 17 | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) အရက်ကို ဟိုတယ်နှင့်နားနေခန်းဥပစာအတွင်း သောက်သုံးရန် ဟိုတယ်ပိုင်ရှင် သို့မဟုတ် မန်နေဂျာကကောင်တာဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် | ၁၂၀၀၀၀၀ |
| FL21 | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို သင်္ဘောဝန်ထမ်းများနှင့်ခရီးသည်များသင်္ဘောပေါ်တွင် သောက်သုံးရန် သင်္ဘောမာလိန်မှူး သို့မဟုတ် ဘဏ္ဍာစိုးက ကောင်တာဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် | ၆၀၀၀၀၀ |
| FL23 | မူးယစ်စေတတ်သော ဆေးဝါးမဟုတ်သော အရက်ပျံရာခိုင်နှုန်း(၂၀)မှ(၄၅)ထိ ပါဝင်သည့် ဆေးဘက်ဝင်သော ဝိုင်နှင့်အလားတူ ဖျော်ရည်များကို ဆေးဆရာ သို့မဟုတ် ကျန်းမာရေးဝန်ထမ်း သို့မဟုတ် ကုန်စုံဆိုင်ပိုင်ရှင်ကရောင်းချခွင့်လိုင်စင် | ၁၀၀၀၀ |
| FL24 | သန့်စင်ပြီးသော နိုင်ငံခြားအရက်ပြင်း (Rectitied Foreign Spirit)ကို ဆေးဆရာများက ရောင်းချခွင့်လိုင်စင် | ၁၀၀၀၀ |
| FL2C | သန့်စင်ပြီးသော အရက်ပျံများကိုသိုလှောင်သိမ်းဆည်းထားနိုင်ရန်နှင့် တင်ချာ၊ အရက်ပြင်းနှင့် အခြားအရက်ပျံပါဝင်သည့် ဆေးဝါးများ ထုတ်လုပ်နိုင်ရန် ကုန်ပစ္စည်းသိုလှောင်ရုံ ဆောက်လုပ်ခွင့် လိုင်စင် | ၅၀၀၀၀ |

| | | |
|---|---|---|
| FL2D | အရက်ပျံပါသည့် ဆေးဝါးများကို မြန်မာ့ဆေးဆရာများက ထုတ်လုပ်ခွင့် ၊ ပိုင်ဆိုင်ခွင့်နှင့် ရောင်းချခွင့်လိုင်စင် | ၁၀၀၀၀ |
| Y 1 | တဆေးထုတ်လုပ်ခွင့်နှင့် ရောင်းချခွင့်လိုင်စင် | ၂၀၀၀၀၀ |
| Y 2 | တဆေးများ ရောင်းချခွင့်လိုင်စင် | ၂၀၀၀၀၀ |
| D1A | နိုင်ငံခြားအရက်ပြင်း(Foreign Spirit)ထုတ်လုပ်ရန် ပေါင်းစပ်ရန် ၊ ရောနှောရန် ၊ အရောင်ဆိုးရန် ၊ အနံ့ထည့်ရန်နှင့် ပုလင်းသွတ်ရန် ၊ အရက်ချက်စက်ရုံပိုင်ဆိုင်ခွင့် ၊ ချက်လုပ်ခွင့်နှင့် လိုင်စင်ရရောင်းချသူများကိုသာ လက်ကားရောင်းချခွင့်လိုင်စင် | ၂၀၀၀၀၀၀ |
| CS 2A | ဖိုထွက်ချက်အရက်ကို စားသောက်ဆိုင် သို့မဟုတ် နားနေခန်း ဥပစာအတွင်း သောက်သုံးရန် ကောင်တာဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် | ၁၅၀၀၀၀ |
| CFL 2A | ထန်းရည် ၊ ခနိရည်မှအပ အခြားလျှော်စာရည်များကို စားသောက်ဆိုင် သို့မဟုတ် နားနေခန်း ဥပစာအတွင်းသောက်သုံးရန် ကောင်တာဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် | ၅၀၀၀၀ |

၅။ သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူးက ဦးဆောင်ပြီး သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးပါဝင်သော လေလံရောင်းချရေးအဖွဲ့က အောက်တွင်ဖော်ပြထားသော လိုင်စင်အမျိုးအစားများကို လေလံရောင်းချရမည် -

**လေလံရောင်းချမည့် ယစ်မျိုးလိုင်စင်အမျိုးအစား**

| **လိုင်စင်အမှတ်** | **လိုင်စင်အကြောင်းအရာဖော်ပြချက်** |
|---|---|
| CFL-1 | ထန်းရည် ၊ ခနိရည်ကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် သို့မဟုတ် ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင် ။ |
| CFL-2 | ထန်းရည် ၊ ခနိရည်မှအပ အခြားလျှော်စာရည်များ (Country Fermented Liquor)ကို ထုတ်လုပ်ခွင့်နှင့် ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် သို့မဟုတ် ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင် ။ |

| | |
|---|---|
| CS-1 | မြန်မာပြည်တွင်းရှိ အရက်စက်ရုံများမှ ထုတ်လုပ်သော ဖိုထွက်ချက်အရက်(Country Spirit)ကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် သို့မဟုတ် ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့် လိုင်စင် ။ |
| CS-2 | အရက်ဖို ပိုင်ဆိုင်ခွင့်၊ ချက်လုပ်ခွင့်နှင့် ဖိုထွက်ချက်အရက် (Country Spirit)ကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်းသောက်သုံးရန် သို့မဟုတ် ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့် လိုင်စင် ။ |
| CS-3 | မြန်မာပြည်တွင်းရှိ အရက်ဖိုများမှ ထုတ်လုပ်သော ဖိုထွက်အရက် (Country Spirit)ကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် သို့မဟုတ် ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီ ရောင်းချခွင့် လိုင်စင် ။ |
| FL-10 | ဗျစ်ရည်ကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် သို့မဟုတ် ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့် လိုင်စင် ။ |
| FL-11 | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor)အရက်ကို လက်ကားရောင်းချခွင့် လိုင်စင် ။ |
| CFL-2A | ထန်းရည် ၊ ဓနိရည်မှအပ အခြားလျှော်ခြားရည်များ (Country Fermented Liquor)နှင့် ဖိုထွက်အရက်(Country Spirit) ကို ထုတ်လုပ်ခွင့်နှင့် ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် သို့မဟုတ် ဆိုင်၏ပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့် လိုင်စင် ။ |

၆။ လုပ်ငန်းလိုင်စင်ရရှိသူသည် လိုင်စင်ကြေးငွေကို သတ်မှတ်သည့်အတိုင်း ပေးသွင်းရမည် ။

## အခန်း(၄)

## အထွေထွေ

၇။ အခွန်စည်းကြပ်ခြင်းနှင့် ကောက်ခံခြင်းတို့ကို ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်အရ ဝန်ကြီး၏ ကြီးကြပ်မှုဖြင့် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်ရမည်။

၈။ (က) လုပ်ငန်းလိုင်စင်ရရှိသူသည် ဤဥပဒေအရပေးရန်ရှိသော ယစ်မျိုးခွန်ငွေကြေးကို ပေးဆောင်ရန် ပျက်ကွက်လျှင် ကော်လိတ္တော်အရာရှိသည် မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။

(ခ) ပြည်နယ်အုပ်ချုပ်ရေးမှူးသည် ဤကိစ္စအလို့ငှာ ခရိုင်အုပ်ချုပ်ရေးမှူးအား ကော်လိတ္တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို အပ်နှင်းရမည်။

၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် -

(က) ပြည်နယ်အစိုးရအဖွဲ့သည် လိုအပ်သောနည်းဥပဒေ ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်၊

(ခ) ပြည်နယ်အုပ်ချုပ်ရေးမှူးသည် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်ကြော်ငြာစာ ၊ အမိန့် ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(အုန်းမြင့်)
ဝန်ကြီးချုပ်
ပြည်နယ်အစိုးရအဖွဲ့